ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

မြောင်မြို့နယ်

# လူထုဗဟိုပြုစီမံကိန်း ( ဒုတိယနှစ် စက်ဝန်း )

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

စဥ့်ကျေးရွာ　　မယ်မသော်ကျေးရွာအုပ်စု　　၃၀. ၁၂. ၂၀၁၆

မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ ( တည်နေရာ )

၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ ( ကျေးရွာသမိုင်းကြောင်း )

၅။ လူထုပူးပေါင်းပါဝင်သော လူမှုသန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်( PSA / PRA ) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် ( ပုံစံ - ၁ )

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား ( ပုံစံ - ၂ )

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ - ၃ )


၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း ( ပုံစံ - ၄ )

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


၁၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

၁။မြို့နယ်မြေပုံ



မြောင်မြို့နယ်၏ အခြေပြမြေပုံ
စကေး ၁ လက်မ = ၂ မိုင်
33/11 KV,5MVA
70 mm²
1KV မြင်းမူ-မြောင်လိုင်း
95 mm²
စစ်ကိုင်းတိုင်းဒေသကြီး
ချောင်းဦးမြို့နယ်
မြင်းမူမြို့နယ်
ဝါးခယ်မမြို့နယ်
မန္တလေးတိုင်းဒေသကြီး
မြင်းခြံမြို့နယ်
ရေစကြိုမြို့နယ်
မကွေးတိုင်းဒေသကြီး
66KV ဆီမီးခုံ-ပရိမ္မလိုင်း
ACSR 150 mm²
ရည်ညွှန်းချက်
- တိုင်းခြား
- မြို့နယ်ခြား
- ကျေးရွာအုပ်စုခြား
- မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်
- ကျေးရွာအုပ်စု (၄၈)အုပ်စု
- ကျေးရွာ (၈၁)ရွာ
- ကတ္တရာလမ်း
- ကျောက်ခင်းလမ်း
- မီးရထားလမ်း (၂)မိုင်
- မြစ်/ချောင်း
- မြို့နယ်ထွေ/အုပ်ရုံး
- မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း (၃)ခု
- ရဲကင်းများ (၆)ခု

## ၂။ ကျေးရွာမြေပုံ(တည်နေရာ)




## ၃။ အုပ်စုတွင် ပါဝင်သောကျေးရွာစာရင်း

(က ) မယ်မသော်ကျေးရွာ

(ခ ) စဥ့်ကျေးရွာ

## ၄။ကျေးရွာအခြေခံအချက်အလက်များ

ဧရာဝတီမြစ်လက်တက်မှ ခွဲထွက်လာသော ချောင်းရိုးလေးဘေးတွင် မယ်မသော်နှင့် ရသစ်နှစ်ရွာဘေးတွင်တည်ရှိနေသောနေရာလေးတစ်ခုကို အခြေပြုပြီးစတင်နေလာခဲ့ရာမှ ပထမနေရာတွင် ရွာ၏အနောက်နားတွင်ရှိသောကုက္ကိုပင်အုပ်စုလေးကိုစွဲပြု၍ရွာသစ်လေးဟုခေါ်ခဲ့သော်လည်းထိုနေရာလေးကိုနေထိုင်မှု အဆင်မပြေသောကြောင့်တစ်ခေါ် သာသာလောက်ဝေးသောယခုလက်ရှိနေထိုင်သောနေရာကို စဥ့်ရွာဟုအမည်တွင်စေကာ ယနေ့ထိနေထိုင်ကြခြင်းဖြစ်ပါသည်။

### ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု နှင့် လူဦးရေ

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
| --- | --- | --- | --- |
| ၁၀၃ | ၂၁၁ | ၂၁၆ | ၄၂၇ |

### လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
| --- | --- | --- | --- | --- |
| | | | | |

### ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
| --- | --- | --- | --- | --- |
| ၆၅ နှစ် အထက် | ၃၆ | ၁၇ | ၁၉ | ၃၆ |
| အမျိုးသမီးဦးဆောင် | ၃၄ | --- | ၃၄ | ၃၄ |
| မသန်စွမ်း | ၃ | ၂ | ၁ | ၃ |
| စစ်ဘေးရှောင် | --- | --- | --- | --- |

### ကျေးရွာရှိအခြေခံ အဆောက်အအုံများ

| ပညာရေး | ခြစ်ပါ | ကျန်းမာရေး | ခြစ်ပါ | ဘာသာရေး | |
| --- | --- | --- | --- | --- | --- |
| အထက်တန်းကျောင်း | | ဆေးရုံ | | ဘုရား/စေတီ | √ |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်းကျောင်း | √ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | √ | ဆေးခန်း | | ခရစ်ယန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

### အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
| --- | --- | --- | --- |
| စပါး | ကြက် | ဈေးဆိုင်ငယ် | လယ်ကူလီ |
| ပဲအမျိုးမျိုး | ဂက် | လက်ဖက်ရည်ဆိုင် | - |
| နှမ်း | နွား | - | - |

**ကျေးရွာတွင်းအဓိက ပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးရေး | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၅၀ဧက | - | - | | ၃၀ | ၁၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဆိုင်ကယ် | ကုန်စုံဆိုင်(အငယ်) | လက်ဖက်ရည်ဆိုင် | အိမ်သာ(ကောင်း၊လတ်) | ဂွန်ဒေါင်း | ကား |
| အရေအတွက် | ၈၀ | ၄ | ၁ | ၂၀ | ၁၃ | - |

**ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား | လှည်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၅ | ၃၀ | ၃၀ | - | ၂၀၀ | ၃၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဂက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် | ကြက် |
| အရေအတွက် | | ၈၀ | ၅ | ၄၀ | - | - |

**အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ**

| အရင်းအမြစ် | ဆေးခန်း | မူလတန်းကျောင်း | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | ၁ | - | ၈ | ၁၃၆ | -- | - |

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြနှင့် သယံဇာတ (social map/ Resource map) | ၂၉.၁၂.၂၀၁၅ | ကျေးရွာလူထု | ၃၀ | ၃၀ | ၆၀ | အိမ်များ၊အခြေခံအဆောက်အ ဦး များ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၂၉.၁၂.၂၀၁၅ | ကျေးရွာလူထု | ၂၀ | ၂၀ | ၄၀ | ကျေးရွာလူမှုစီးပွားအုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေး အတွက်အခြေခံစံနှုန်းများ သတ်မှတ်ခြင်း |
| ၃ | ရာသီခွင်ပြက္ခဒိန် (seasonal calendar) | ၂၉.၁၂.၂၀၁၅ | ကျေးရွာလူထု | ၃၅ | ၃၀ | ၆၅ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေး လုပ်ငန်းများ၊ပညာရေး၊ ပွဲတော်များ၊ ရွှေ့ပြောင်းလုပ်သား |
| ၄ | အမျိုး/သမီး ပိုင်ဆိုင် မှု ပြဇယား (Acesses and Control) | ၂၉.၁၂.၂၀၁၅ | ကျေးရွာလူထု | ၂၀ | ၂၀ | ၄၀ | အမျိုးသား/သမီး တို့၏ အရင်းအမြစ်အပေါ် မည်သူ ကပို၍ အသုံးပြုနေကြသည်ကို ဖော်ထုတ်ခြင်း၊ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | ၂၉.၁၂.၂၀၁၅ | ကျေးရွာလူထု | ၂၀ | ၂၀ | ၄၀ | ကျေးရွာတွင်းအဖွဲ့အစည်းမ ျားကျေးရွာ ဖွံ့ဖြိုးရေး အတွက်မည်သည့် အဖွဲ့ များချိတ်ဆက်လုပ် ကိုင်မှု |
| ၆ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၉.၁၂.၂၀၁၅ | ကျေးရွာလူထု | ၂၀ | ၂၀ | ၄၀ | အမျိုးသားနှင့်အမျိုးသမီး များ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၇။ | အခက်အခဲများအာ းဖော်ထုတ် ခြင်း အမျိုးသား | ၂၉.၁၂.၂၀၁၅ | ကျေးရွာလူထု | ၂၉ | -- | ၂၉ | ဆွေးနွေးထားသောအခက် အခဲလုပ်ငန်းစဉ်မျာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈။ | အခက်အခဲများ အားဖော်ထုတ်ခြင်း အမျိုးသမီး | ၁၀.၈.၂၀၁၅ | ကျေးရွာလူထု | ၁ | ၃၁ | ၃၁ | ဆွေးနွေးထားသောအခက်အခဲလုပ်ငန်းစဉ်မျာ |
| ၉။ | ကျေးရွာ၏အနာဂတ်(၅)နှစ်စာမျှော်မှန်းချက် အမျိုးသား | ၁၀.၈.၂၀၁၅ | ကျေးရွာလူထု | ၂၉ | ၁ | ၂၉ | ဆွေးနွေးခဲ့သောအခက်အခဲလုပ်ငန်းစဉ်များ အပေါ်အခြေခံ၍ အခြေခံအဆောက်အဦး၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာများ |
| ၁၀။ | ကျေးရွာ၏အနာဂတ်(၅)နှစ်စာမျှော်မှန်းချက် အမျိုးသမီး | ၁၀.၈.၂၀၁၅ | ကျေးရွာလူထု | ၁ | ၃၁ | ၃၁ | ဆွေးနွေးထားသောအခက်အခဲလုပ်ငန်းစဉ်များအပေါ်အခြေခံ၍ အခြေခံအဆောက်အဦး၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာများ |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များရေးဆွဲခြင်း | ၁၀.၈.၂၀၁၅ | ကျေးရွာလူထု | ၂၉ | ၃၁ | ၆၀ | အကျိုးပြုဦးရေအကျိုးခံစားခွင့်နှင့်အဓိကလိုအပ်ချက်များပေါ်မူတည်၍ဆုံးဖြတ်သည်။ |
| ၁၂။ | ကော်မတီများဖွဲ့စည်းခြင်း | ၁၀.၈.၂၀၁၅ | ကျေးရွာလူထု | ၂၉ | ၃၁ | ၆၀ | ကော်မတီဝင်များရွေးခြင်း၊ ဖွဲ့စည်းခြင်း၊တာဝန်များခွဲဝေခြင်း |

**၆။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်**

**က။ လူမှုရေးအခြေပြု သယံဇာတ အရင်းအမြစ်ပြမြေပုံ**

**ခ။ ချမ်းသာမှုအဆင့် ခွဲခြားခြင်း ( Wealth Ranking )**


**ဂ။ ကျား / မ ကဏ္ဍ (၁)၊ ပိုင်ဆိုင်မှုကို ခွဲခြမ်းစိတ်ဖြာခြင်း ( Social Map and Resorce Map )**

**ဃ။ ကျား / မ ကဏ္ဍ (၂)၊ ဆိုင်ရာ ကွန်ယက်ချိတ်ဆက်မှု**

**င။ ရာသီခွင် ပြက္ခဒိန်**

**စ။ ဗင်းပုံစံ အသုံးပြု၍ အဖွဲ့အစည်းနှင့် ချိတ်ဆက်မှုများအား လေ့လာခြင်း**

## ၆. (က)။ လူမှုရေးအခြေပြု သယံဇာတ အရင်းအမြစ်ပြမြေပုံ



### စဥ့်ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြဇယား သုံးသပ်ခြင်း

စဥ့်ကျေးရွာသည် တောင်သူလုပ်ငန်းနှင့် တနိုင်တပိုင် တံငါ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်သော ကျေး ရွာဖြစ်ပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး ပျော်ရွှင်ချမ်းမြေ့ နေချင်စရာကောင်းသော ကျေးရွာလေး ဖြစ်ပါ သည်။ သို့သော် မိုးတွင်းနှင့် ရေဝင်ချိန်များတွင် သွားလာရေးခက်ခဲလှသဖြင့် စီးပွားရေး၊ လူမှုရေးများ ထိခိုက် လျက်ရှိပါသည်။ကျေးရွာတွင်းလမ်းများ ကောင်းမွန်စေရန်အတွက် ကျောက်ချောလမ်း(သို့) ကွန်ကရစ်နှင့် ဂျင်းတွဲဖက်ဆောင်ရွက်သောလုပ်ငန်းများဆောင်ရွက်လိုပါသည်။ကျေးရွာ၏တောင်ဘက်တွင်မူလတန်းကျောင်း ရှိပြီး ကျောင်းခြံစည်းရိုးမှာ တစ်ဘက်သာရှိပြီး ကျန်နေသော နေရာများတွင် ကျောင်းခြံစည်းရိုးဆောင်ရွက် လိုပါသည်။ကျေးရွာ၏အရှေ့ဘက်တွင် ရသစ်ကျေးရွာနှင့် ရွာခြင်းဆက်တံတား ရှိပြီး ၄င်းတံတားမှာ ပျက်စီးစပြုနေပြီဖြစ်၍ ကျေးရွာခြင်းဆက်တံတား ကိုအသစ်ပြန်လည်တည်ဆောက်လိုပါသည်။ မယ်မသော် ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး မယ်မသော်ကျေးရွာမှနေ၍ ကျေးရွာအတွက် လျှပ်စစ်မီးလင်းရေးဆောင်ရွက်နိုင်လျှင် ကျေးရွာအတွက် အဆင်ပြေမည်ဖြစ်ပါသည်။ ကျေးရွာ အိမ်ထောင်စု အများစုမှာ သောက်သုံးရေကို ချောင်းရေနှင့် ဘုံဘိုင်တွင်းမှရေများကိုသောက်သုံးကြပြီး ရေသန့်ရှင်းမှု နည်းပါးသဖြင့် ရေတွင်းတူး၍ရေစင်တည်ဆောက်ကာ အိမ်တိုင်ရာရောက်ရေပိုက်လိုင်း တည်ဆောက် လိုပါသည်။ ကျေးရွာတွင် နေထိုင်ကြသူများမှာ ချမ်းသာသူနှင့် နွမ်းပါးသူများ ခွဲခြားမှုမရှိပဲ နေရာစုံတွင် နေထိုင်လျက်ရှိကြပါသည်။ မြစ်ချောင်းနှင့် လယ်ယာများသာ အားပြုပြီးလုပ်ကိုင်ဆောင်ရွက်ရသော ကြောင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမှသာလျှင် သီးနှံများ ရောင်းချရလွယ်ကူမည်ဖြစ်ပါသည်။


စိုက်ပျိုးရေးတွင် မြေပဲစိုက်ပျိုးခြင်းဖြင့် အဓိက အသက်မွေးဝမ်းကြောင်း ပြုကြပြီး၊ စားတော်ပဲ၊ ပဲမာ (မတ်ပဲ)၊ နှမ်းပဲတီ၊ ပဲငပိနှင့် ပဲပိစပ်များ စိုက်ပျိုးကြပါသည်။ မြေအမျိုးအစား မှာ သုံးမျိုးရှိပြီး ( သဲမြေ၊ နန်းမြေနှင့် သဲမွှေးနုန်း) တို့ဖြစ်ပြီး၊ သဲမွှေးနုန်းမှာ မြေကောင်းအမျိုးအစား ဖြစ်သော ကြောင့် မည်သည့်သီးနှံမဆို စိုက်ပျိုးအောင်

မြင်လျက်ရှိပြီး၊ သဲမြေနှင့် နန်းမြေမှာ သဲမွေနမြေကဲ့သို့ ကောင်းမွန်မှု မရှိသော်လည်း ကျီးတော ဟုခေါ်သော ရေမဝင်အရပ်မှ မြေများနှင့် နိုင်းယုဉ်ပါက မြေ ကောင်းအမျိုးအစားတွင် ပါဝင်ပါသည်။ ရေအရင်း အမြစ်ပေါ် ကြွယ်ဝသော်လည်း နစ်စဉ်ရေနစ်မြုပ် သဖြင့် သီးနှံများပျက်စီး ဆုံးရှုံးခြင်း၊ ရွာချင်းဆက်လမ်းများ အ သုံးပြု၍မရဖြစ်ပါသည်။ ကျေးရွာအဝင် မှာလည်း ချောင်းကူးတံတားလေးတစ်စင်းရှိပြီး၊ ထိုတံတားကိုသာ အသုံး ပြုကြရသည်။ ထိုတံတားမှာ ဆိုင်ကယ်၊ စက်ဘီးမျှသာ ကူးရသောကြောင့် သီးနှံတင်ပို့ရာတွင်လည်းကောင်း သီး နှံသယ်ယူရာတွင်လည်းကောင်း အဆင်မပြေဘဲ ကျေးရွာအနောက်မှ ပတ်သွားကြရသဖြင့် ကုန်ကျစရိတ်ပိုမို များလျက်ရှိပါသည်။ ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြပါသည်။

**ကျေးရွာတိုးတက်ရန် အဓိက လိုအပ်သော အခက်အခဲမှာ**

ကွန်ကရစ်တံတား (ရွာအဝင်) တည်ဆောက်ပေးခြင်း၊ ရွာတွင်းလမ်းများ ပြုပြင်ပေးခြင်း၊ ရွာတွင်းလမ်း နှင့် ရွာချင်းဆက်လမ်းများ ကောင်းမွန်ရန် လိုအပ်လျက် ရှိပါသည်။

## ၆. (ခ)။ ချမ်းသာမှုအဆင့် ခွဲခြားခြင်း ( Wealth Ranking )



**စဉ့်ကျေးရွာ၏ ဉစ္စာခနေ အင်အားပြဇယား သုံးသပ်ခြင်း**

စဉ့်ကျေးရွာတွင် ချမ်းသာသော အိမ်ထောင်စုမှာ ( ၁ ) ရာခိုင်နှုန်းသာ ဖြစ်ပြီး တောင်သူဖြင့်သာအဓိက အသက်မွေးမှုပြုပါသည်။


အလယ်အလတ် အိမ်ထောင်စုများမှာ ( ၃၇ ) ရာခိုင်နှုန်းထိဖြစ်ပြီး မိဘလက်ငုတ် တောင်ယာများသာ လုပ်ကိုင်အသက်မွေးကြပါသည်။

နွမ်းပါ အိမ်ထောင်စုများမှာ ( ၁၈ ) ရာခိုင်နှုန်းသာရှိပြီး တောင်သူနှင့် ရေလုပ်ငန်းများသာ တပိုင်တနိုင် လုပ်ဆောင် ကြသော အိမ်ထောင်စုများ ဖြစ်သည်။

အနွမ်းပါးဆုံးသော အိမ်ထောင်စုများမှာ ( ၄၄ ) ရာခိုင်နှုန်းထိရှိပြီး လက်လုပ်လက်စား ကူလီများသာ ဖြစ်ကြပါသည်။

ကျေးရွာတွင် နွမ်းပါးအိမ်ထောင်စုနှင့် အလယ်အလတ် အိမ်ထောင်စုများသာ အများဆုံးဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းခွဲများ လုပ်ဆောင်ရာတွင် ဦးစားပေးလုပ်ကိုင်စေခြင်းဖြင့် အလုပ်အကိုင်အခွင့် အလမ်းများရရှိစေနိုင်ပါသည်။

## ၆. (ဂ)။ ကျား / မ ကဏ္ဍ (၁)၊ ပိုင်ဆိုင်မှုကို ခွဲခြမ်းစိတ်ဖြာခြင်း



**စဥ့်ကျေးရွာ၏ အရင်းမြစ် သုံးစွဲမှု ပုံစံပြဇယား သုံးသပ်ခြင်း**

အမျိုးသားများ ကိုယ်တိုင် သုံးစွဲပြီး ကိုယ်တိုင်ထိန်းချုပ်သော အရင်းအမြစ်များမှာ ကျွဲ၊ နွား၊ ထွန်၊ ထယ်၊ စက်ကိရိယာများဖြစ်ပြီး

အမျိုးသမီးတို့ ကိုယ်တိုင်သုံးစွဲပြီး ကိုယ်တိုင်ထိန်းချုပ်သော အရင်းအမြစ်များမှာ အပ်ချုပ်စက် စသည် အနည်းငယ်သာ ရှိပါသည်။

အမျိုးသား/အမျိုးသမီး အတူသုံးစွဲပြီး အတူထိန်းချုပ်သော အရင်းအမြစ်များမှာ ချောင်း၊ ယာခင်း၊ နွား၊ လှည်း စသည်တို့ ဖြစ်ပြီး အရင်းအမြစ်များ အသုံးပြုမှုနှင့် ထိန်းချုပ်မှုတို့တွင် အမျိုးသားများသာ အဓိက ထိန်းချုပ်နေသောကြောင့် အမျိုးသမီးများ၏ ဆုံးဖြတ်ချက်များနှင့် ဆွေးနွေးမှုများတွင် နေရာပေးမခံရခြင်းများ ဖြစ်ပေါ်ကာ တဖြေးဖြေး အမျိုးသမီးများမှာ အမျိုးသားများအပေါ်သာ မှီခိုနေရခြင်းဖြစ်ပါသည်။

## ၆. (ဃ)။ ကျား / မ ကဏ္ဍ (၂)၊ ဆိုင်ရာ ကွန်ယက်ချတ်ဆက်မှု




**စဉ့်ကျေးရွာ၏ ပင့်ကူအိမ်ကွန်ယက်ပြဇယား သုံးသပ်ခြင်း**

ပညာရေး၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ အဖွဲ့အစည်းတွင်ပါဝင်မှု၊ ကျန်းမာရေးဦးဆောင်မှု၊ ဘာသာရေး များတွင် တူညီနေရခြင်းမှာ တောသူတောင်သားများ ဖြစ်သည့်အားလျော်စွာ အမျိုးသမီးများမှာ အမျိုးသားများ နှင့် ထူးခြားပြီး ကွာခြားမှုမရှိပဲ တူညီနေခြင်းဖြစ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများမှ အားသာနေပါသည်။ တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသူများ ဖြစ်သဖြင့် အားအင်ပိုမို စိုက်ထုတ်နိုင်သော အမျိုးသားများကိုသာ လုပ်ငန်း ခွင်တွင် အသုံးပြုကြသဖြင့် အားသာနေခြင်းဖြစ်ပြီး၊ အိမ်မှုကိစ္စတွင် အမျိုးသမီးများမှ အားသာနေကြောင်းတွေ့ရ ပါသည်။ အမျိုးသားများမှာ ဝင်ငွေရသောလုပ်ငန်းတွင် အဓိက အားသာပြီး၊ အမျိုးသမီးမှာ ဝင်ငွေမရသော လုပ်ငန်းတွင်သာ အားသာနေသောကြောင့် အမျိုးသားများနောက်တွင်သာ ရှိနေခြင်းဖြစ်ပေသည်။

ထို့ကြောင့် အမျိုးသမီးများအား ဝင်ငွေရ လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်စေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် မိသားစုဝင်ငွေများတိုးပွားကာ ကျေးရွာဖွံ့ဖြိုးမှုများတွင် အမျိုးသမီးများ ပါဝင်မှု ပိုမိုအားကောင်းလာပြီး ကျေးရွာအမျိုးသမီးများ စွမ်းဆောင်ရည်များ ပိုမိုမြင့်တက်လာမည့်ဖြစ်ပါသည်။

## ၆. (င)။ ရာသီခွင် ပြက္ခဒိန်



**စဥ့်ကျေးရွာ၏ ရာသီခွင်ပြဇယား သုံးသပ်ခြင်း**

စဥ့်ကျေးရွာ၏ ရာသီဥတုမှာ ပုံမှန်လည်ပတ်လျက်ရှိပါသည်။ စဥ့်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ပြီး ပဲအမျိုးမျိုး( ပဲမာ(မတ်ပဲ)၊ စားတော်ပဲ၊ မြေပဲ၊ ပဲပိစပ်နှင့် ပဲငပိ)များကို စိုက်ပျိုးကြပါသည်။ ဝါဆို၊ ဝါခေါင်နှင့် တော်သလင်းလများတွင် ရေဝင်ဒေသ ဖြစ်သဖြင့် စိုက်ပျိုး၍ မရပါ။ အလုပ်အကိုင်မရှိသောသူများမှာ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြရပါသည်။စိုက်ပျိုးမြေများမှာကောင်းမွန်သော်လည်း ဒေသ စိုက်နည်းစနစ်များကိုသာ အသုံးပြုစိုက်ပျိုးကြပြီး သီးနှံထွက်နှုန်းကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်များ ရရှိပါက ကျေးရွာစိုက်ပျိုးရေးတောင်သူများအတွက် အဆင်ပြေမည်ဖြစ်ပါသည်။ မွေးမြူရေးတွင် ကြက်၊ ငါး၊ ဝက်နှင့် နွား ကိုသာ တပိုင်တနိုင် မွေးမြူကြပါသည်။ သဘာဝဘေးတွင် ရေတိုး၊ မိုးရွာနှင့် လေတိုက်ခြင်းစသော သဘာဝဘေးများ ဖြစ်ပေါ်လျက်ရှိသော် လည်း နှစ်စဥ်ကြုံတွေ့ရသော ရေတိုးခြင်းမှာ နှစ်စဥ် နယုန်မှ စရေဝင်ကာ သီတင်းကျွတ်၊ တဆောင်မုန်းမှ ရေပြန်ကျတတ်ပါသည်။ ထိုလများတွင် ထွက်ငွေသာရှိပြီး ဝင်ငွေမရှိသောလများ ဖြစ်ပါသည်။ရွှေ့ပြောင်းလုပ်သားများမှာ တန်ခူးလမှ တော်သလင်းလ အထိ အလုပ်အကိုင်ရှားပါးသဖြင့် စပါးတော၊ သစ္စားတော၊ ဖရဲတောများသို့ သွားရောက်ကာ ရွှေ့ပြောင်းလုပ်ကိုင်ကြရပါသည်။တောင်သူများသာ ဖြစ်သောကြောင်း သီးနှံများ ပိုးကျချိန်ကိုလည်း ထည့်သွင်းထားပါသည်။ ရာသီဥတုပျက်ခြင်းကြောင့် သီးနှံများပိုးကျကြပြီး၊ နည်းပညာမသိသဖြင့် အဆင်ပြေရာ ပိုးသတ်ဆေးများ သုံးခြင်းဖြင့် ကျွဲ၊ နွားများအတွက် အစာရေစာများ ရှားပါးလာပြီး ဆိုးကျိုးများဖြစ်လျက်ရှိပါသည်။ ပွဲတော်များမှာ ဗုဒ္ဓဘာသာဖြစ်သဖြင့် ဆယ့်နှစ်လရာသီပွဲများရှိပြီး တန်ခူးလတွင် သင်္ကြန်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ တော်သလင်းလတွင် လှေပြိုင်ပွဲနှင့် တန်ဆောင်မုန်းလတွင် ဘုရားပွဲကို စည်ကားစွာ ကျင်းပကြပါသည်။

ထို့ကြောင့် စဥ့်ကျေးရွာသည် မိုးရာသီတွင် သွားလာရေးလွယ်ကူစေရန် လမ်းပန်းဆက်သွယ် ရေးများ ပြုပြင်ပေးခြင်း၊ လုပ်ငန်းမရှိချိန်၊ ရေဝင်ချိန်များတွင် ရွှေပြောင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေလုပ်ဆောင်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်နိုင်ပါသည်။

## ၆. (ဓ)။ ဗင်းပုံစံ အသုံးပြု၍ အဖွဲ့အစည်းနှင့် ချိတ်ဆက်မှုများအား လေ့လာခြင်း



**ဗင်းပုံစံနှင့် အဖွဲ့အစည်းများ ချိတ်ဆက်မှု သုံးသပ်ခြင်း**

ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်းများကို အဝိုင်းပုံစံ ဖြင့်ဖြစ်စေ၊ အနီးအဝေးဖြင့် ဖြစ်စေ ဖော်ပြထားပါသည်။

ရွာတွင်းအဖွဲ့အစည်းများတွင် ကျေးရွာဖွံ့ဖြိုးရေးကို အဓိကလုပ်ဆောင်သော အဖွဲ့များကို ကျေးရွာနှင့် နီးကပ်စွာ ထိဆက်ထားပြီး လုပ်ဆောင်မှုအနည်းငယ်သာရှိသော အဖွဲ့အစည်းများကို ကျေးရွာနှင့် ခွာထားခြင်းဖြင့် ပြုလုပ်ထားပြီး၊ ကျေးရွာ ပြင်ပ အဖွဲ့အစည်းများတွင်လည်း အနီးအဝေးဖြင့် ချိတ်ဆက်မှု ရှိမရှိကို ပုံဖော်ထားပါသည်။

အဖွဲ့အစည်းများ ချိတ်ဆက်လုပ်ဆောင်နေမှုကို သိရှိခြင်းဖြင့် အမျိုးသမီး၊ အမျိုးသား ပူးပေါင်းလုပ်ဆောင်မှုများ ရွာလူထုပူးပေါင်းလုပ်ဆောင်မှုများ သိရှိလာကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်လာနိုင်စေရန်နှင့် ပြင်ပ အဖွဲ့အစည်းများ ပိုမိုချိတ်ဆက်မှု အားကောင်းလာစေရန် ကျေးရွာလူထုမှ လုပ်ဆောင်လာနိုင်စေရန် ဖြစ်ပါသည်။

## ♠♠ စဉ့်ကျေးရွာ အမျိုးသား / အမျိုးသမီးများ၏ အခက်အခဲ ပြဿနာများ ♠♠

### ♣ အမျိုးသားများ တင်ပြသော အခက်အခဲပြဿနာများ ♣

၁။ သွားလာရေးခက်ခဲ ( ရေကျချိန်၊ မိုးရွာချိန်များတွင် ရွံ့နွံများဖြင့် သွားလာရခက်ခဲခြင်း )

၂။ ပညာရေး အခက်အခဲ ( ကလေးသူငယ်များ စာသင်ကြားရာတွင် လုံခြုံမှုမရှိခြင်း )

၃။ ကျန်းမာရေး အခက်အခဲ ( ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်း )

၄။ လျှပ်စစ်မီး အခက်အခဲ ( ပညာရေး၊ စီးပွားရေး နှောင့်နှေး )

၅။ သဘာဝဘေး တားဆီးခြင်း အခက်အခဲ ( မီးဘေး၊ ရေဘေး )

### ♥ အမျိုးသမီးများ တင်ပြသော အခက်အခဲ ပြဿနာများ ♥

၁။ သွားလာရေးခက်ခဲ ( ရေကျချိန်၊ မိုးရွာချိန်များတွင် ရွံ့နွံများဖြင့် သွားလာရခက်ခဲခြင်း )

၂။ ပညာရေး အခက်အခဲ ( ကလေးသူငယ်များ စာသင်ကြားရာတွင် လုံခြုံမှုမရှိခြင်း )

၃။ ကျန်းမာရေး အခက်အခဲ ( ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်း )

၄။ လျှပ်စစ်မီး အခက်အခဲ ( ပညာရေး၊ စီးပွားရေး နှောင့်နှေး )

၅။ သဘာဝဘေး တားဆီးခြင်း အခက်အခဲ ( မီးဘေး၊ ရေဘေး )

၆။ ကျန်းမာရေး အိမ်သာ အခက်အခဲ ( ကျန်းမာရေး ထိခိုက်မှုများ )

၇။ တံတား သွားလာရေး အခက်အခဲ ( ရွာအဝင် အထွက် ခဲခဲခြင်း )

## ♦♦ စဥ့်ကျေးရွာ အမျိုးသား / အမျိုးသမီးများ တင်ပြသော မျှော်မှန်းချက်များ ♦♦

### ♠ အမျိုးသားများ တင်ပြသော မျှော်မှန်းချက်များ ♠

၁။ ရာသီမရွေးသွားလာ နိုင်သော ကျေးရွာဖြစ်ချင်

၂။ ပညာတတ်ပေါများသော ကျေးရွာဖြစ်ချင်

၃။ ကျန်းမာရေး စောင့်ရှောက်မှု ပြည့်ဝသော ကျေးရွာဖြစ်ချင်

၄။ ၂၄ နာရီ မီးလင်းသော ကျေးရွာဖြစ်ချင်

၅။ ကြိုတင်ကာကွယ်မှု ပြုလုပ်ထားသော ကျေးရွာဖြစ်ချင်

### ♥ အမျိုးသမီးများ တင်ပြသော မျှော်မှန်းချက်များ ♥

၁။ ရာသီမရွေး သွားလာနိုင်သော ကွန်ကရစ်လမ်းများ ဖြစ်ချင်

၂။ ကျေးလက်ဆေးပေးခန်း ရှိချင်

၃။ လျှပ်စစ်မီး ရရှိသော ကျေးရွာဖြစ်ချင်

၄။ ပညာတတ်ပေါများသော ကျေးရွာဖြစ်ချင်

၅။ အိမ်တိုင်ရာရောက် ရေရှိသော ကျေးရွာဖြစ်ချင်

၆။ ကျန်းမာရေးအိမ်သာများရှိသော ကျေးရွာဖြစ်ချင်

၇။ ကွန်ကရစ်တံတား ဖြစ်ချင်

## ♣♣ စဥ့်ကျေးရွာ အမျိုးသား / အမျိုးသမီးများ တင်ပြသော ဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များ ♣♣

### ♠ အမျိုးသားများ တင်ပြသော ဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များ ♠

၁။ တံတား

၂။ ရွာတွင်းလမ်းများ ခင်းခြင်း

၃။ စာသင်ကျောင်း ခြံစည်းရိုး

၄။ ကျေးလက်ဆေးပေးခန်း

၅။ လျှပ်စစ်မီး

၆။ မီးသတ်ရေကန် တည်ဆောက်ရန်

၇။ စိုက်ပျိုးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ ရရှိမှု

### ♥ အမျိုးသမီးများ တင်ပြသော ဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များ ♥

၁။ ကွန်ကရစ်လမ်း

၂။ ကျေးလက်ဆေးပေးခန်း ရှိရန်

၃။ လျှပ်စစ်မီး

၄။ စာသင်ကျောင်း ခြံစည်းရိုး

၅။ အိမ်တိုင်ရာရောက် ရေပေးဝေရေး

၆။ ကျန်းမာရေးအိမ်သာ

၇။ ကွန်ကရစ်တံတား

**♠♠♠ စဉ့်ကျေးရွာ အမျိုးသား / အမျိုးသမီးများ တင်ပြသော ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ♠♠♠**

၁။ ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း

၂။ ကွန်ကရစ်တံတား တည်ဆောက်ခြင်း

၃။ မီးသတ်ရေကန်

၄။ အိမ်တိုင်ရာရောက် ရေရရှိရေး

၅။ ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း

၆။ ကျန်းမာရေး အိမ်သာ

၇။ စိုက်ပျိုးရေး နည်းပညာ

**ချောင်းဇင်းကျေးရွာမျှော်မှန်းချက် ဆွေးနွေးခန်းမှ ရရှိလာသောရလဒ်**

| | |
|---|---|
| **ကျေးရွာ၏ မျှော်မှန်းချက်** | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ တိုးတက်ကောင်းမွန်လာရမည်။ လျှပ်စစ်မီးရရှိပြီး အချိန်မရွေးသွားလာနိုင်ကာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းမှု အသက် မွေးဝမ်းကျောင်း နည်းပညာများကို အချိန်နှင့်တပြေးညီ သိရှိနိုင်လာမည်။ |
| **အနာဂတ်တွင် ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ကျေးရွာသားများ၏ မျှော် မှန်းထားရှိမှု** | လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကို အသုံးပြုပြီး သဘာဝဘေး၊ ပညာရေး၊ ရွာတွင်းလမ်းများ ကောင်းမွန်လာစေရန်နှင့် လျှပ်စစ်မီးများ ရရှိလာလျှင် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည်။ကျေးရွာတွင်းရှိ လူငယ်များလမ်းမှား မရောက်စေရန် အတွက် ကျေးရွာစာကြည့်တိုက်တစ်ခု ရှိချင်ပါသည်။ အကောင်ထည် မဖော်နိုင်သောလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနဲ့ချိတ်ဆက်လုပ်ကိုင်မှုများ ပြုလုပ်မည်။ မြို့နယ်အတွင်းသို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဝင်ရောက်မှုများရှိပါက ကျေးရွာ လိုအပ်ချက်များကို တင်ပြ၍ အကူအညီတောင်းခံမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။ |

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်း ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ










# ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဖွဲ့စည်းပုံ နှင့် ကော်မတီဝင်များ




## ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် (မယ်မသော်အုပ်စု၊ စဥ့်ကျေးရွာ)

| စဉ် | အမည် | အသက် | ရာထူး/တာဝန် | ပညာအရည် အချင်း | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁။ | ဦးလှတင် | ၆၃ နှစ် | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ | ၁၀ တန်း | 09790531204 |
| ၂။ | ဒေါ်သီတာဌေး | ၂၄ နှစ် | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ | BA ( Mya ) | 09794749778 |
| ၃။ | ဦးမျိုးအောင် | ၅၃ နှစ် | အဖွဲ့ဝင် | ၇ တန်း | 09787504505 |
| ၄။ | ဒေါ်စိုးသန္တာဦး | ၁၉ နှစ် | ကျေးရွာစာရင်းကိုင် | ၁၀ တန်း | 09974246780 |
| ၅။ | ဦးသိန်းဇော် | ၃၆ နှစ် | ဝေဖန်၊ အကြံပြု၊ တိုင်ကြား | ၄ တန်း | 09792298675 |
| ၆။ | ဒေါ်ပဲလှိုင် | ၅၇ နှစ် | ဝေဖန်၊ အကြံပြု၊ တိုင်ကြား | ၄ တန်း | 0997311032 |
| ၇။ | ဦးအောင်ဆန်းမင်း | ၃၅ နှစ် | ဝယ်ယူရေးဆပ်ကော်မတီ | ၇ တန်း | 09973617981 |
| ၈။ | ဦးစိုးဝင်း | ၅၂ နှစ် | ဝယ်ယူရေးဆပ်ကော်မတီ | ၄ တန်း | 09796400413 |
| ၉။ | ဒေါ်ရီဝင်း | ၄၈ နှစ် | ဝယ်ယူရေးဆပ်ကော်မတီ | ၈ တန်း | 09961214611 |
| ၁၀။ | ဦးတင်စိုး | ၅၈ နှစ် | စောင့်ကြည့်၊ ကြီးကြပ်ရေး | ၇ တန်း | 09796490178 |
| ၁၁။ | ဒေါ်ယဉ်သွယ် | ၃၀ နှစ် | စောင့်ကြည့်၊ ကြီးကြပ်ရေး | ၉ တန်း | 09794041425 |
| ၁၂။ | ဒေါ်ဝင်းမော် | ၄၂ နှစ် | စောင့်ကြည့်၊ ကြီးကြပ်ရေး | ၄ တန်း | 09259239733 |
| ၁၃။ | ဦးသောင်ညွှန့် | ၆၉ နှစ် | လည်ပတ်၊ ပြုပြင်/ထိန်းသိမ်း | ၄ တန်း | --- |
| ၁၄။ | ဒေါ်နီလာနွယ် | ၂၅ နှစ် | လည်ပတ်၊ ပြုပြင်/ထိန်းသိမ်း | ၉ တန်း | 09799104345 |
| ၁၅။ | ဒေါ်အေးဝေ | ၃၇ နှစ် | ဝယ်ယူရေးဆပ်ကော်မတီ | ၇ တန်း | 0997671444 |
| ၁၆။ | ဦးဇော်မျိုးနိုင် | ၂၅ နှစ် | စေတနာ့ဝန်ထမ်း | ၉ တန်း | 09974569300 |
| ၁၇။ | ဒေါ်ဌေး | ၄၈ နှစ် | စေတနာ့ဝန်ထမ်း | ၄ တန်း | 09978865138 |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် - ဦးချစ်သောက် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၇၇၆၈၆၃၀၀၇ | လူထုစည်းရုံးရေးမှူး၏ အမည် - ဦးဝင်းမင်းထွန်း |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် - ကြောင် | ကျေးရွာအုပ်စု - မဝဲဂရော် | ကျေးရွာ - စဉ့် |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ--- | ၁၀၃ | ဘာသာ (၁) -ဗုဒ္ဓ----- | ၁၀၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၆ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-ဗမာ--- | ၂၁၁ | ၂၁၆ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၆၉ | ၃၄ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ ✓ | ☑ |

| | | | | | |
|---|---|---|---|---|---|
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ် | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း ✓ |
| ကျောက်ခင်းလမ်း | မြေသားလမ်း ✓ | လူသွားလမ်း ✓ | အခြား ချုံးကျောက်လမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁.၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား စက်ဘီး

မိုးရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ခြေ

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---၂၀၁၃ ၊ ၂၀၁၄ ၊ နှစ်တိုင်း ရေကြက်---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----Pact Myanmar-----

(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးချစ်သောက်

လက်မှတ် [signature] နေ့စွဲ 15-12-16

လူထုစည်းရုံးရေးမှူး အမည် - ဦး[illegible]

လက်မှတ် [signature] နေ့စွဲ 15.12.16

ပုံစံ - ၈ - ၂ စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးရင်မင်းထွန်း | | | |
| နေ့စွဲ - ၂၉.၁၂.၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း - စစ်ကိုင်း | မြို့နယ် - ချောင်ဦး | ကျေးရွာအုပ်စု - မယ်ဆဲဘော် | ကျေးရွာ - ခရိ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူ အရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၉.၁၂.၁၆ | ၂၉.၁၂.၁၆ | ၃၉ | ၄၀ | ၇၉ | ၇၉ - ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃၀.၁၂.၁၆ | ၃၀.၁၂.၁၆ | ၂၉ | ၃၁ | [illegible] | ၆၀ - " |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၄.၁.၁၇ | ၄.၁.၁၇ | ၁၀ | ၁၀ | ၂၀ | ၂၀ - " |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှု အစည်းအဝေး | ၃.၁.၁၇ | ၃.၁.၁၇ | မရှိ | မရှိ | မရှိ | မရှိ |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၃၁.၁.၁၇ | ၃၁.၁.၁၇ | ၃၄ | ၄၂ | ၇၀ | ၇၆ - " |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး ရေးအစီအစဉ် ရေးဆွဲခြင်း | ၁၈.၂.၁၇ | ၁၈.၂.၁၇ | ၄၁ | ၄၉ | ၈၃ | ၉၀ - " |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ပယ်ပယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၈.၂.၁၇ | ၁၈.၂.၁၇ | ၄၁ | ၄၉ | ၈၃ | ၉၀ | ၉၈ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁၈.၂.၁၇ | ၁၈.၂.၁၇ | ၄၁ | ၄၉ | ၈၃ | ၉၀ | ၉၈ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၈.၂.၁၇ | ၁၈.၂.၁၇ | ၄၁ | ၄၉ | ၈၃ | ၉၀ | ၉၈ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| ညွှန်ကြားချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း ထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးရင်မေထွန်း |
| နေ့စွဲ -၃၀.၁၂.၂၀၁၆ / စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - စစ်ကိုင်း / မြို့နယ် - မြောင် / ကျေးရွာအုပ်စု - မယ်မသော် / ကျေးရွာ - ရေဖြူ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | သွားလာရေးခက်ခဲခြင်း | ၁ | သွားလာရေးခက်ခဲ |
| ၂ | ပညာရေးခက်ခဲခြင်း | ၂ | ကျန်းမာရေးခက်ခဲ |
| ၃ | ကျန်းမာရေးခက်ခဲခြင်း | ၃ | လျှပ်စစ်မီးခက်ခဲ |
| ၄ | လျှပ်စစ်မီးခက်ခဲခြင်း | ၄ | ပညာရေးခက်ခဲ |
| ၅ | သဘာဝဘေးကာကွယ်မှုအခက်ခဲ | ၅ | သောက်သုံးရေခက်ခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရာသီမရွေးသွားလာနိုင်သောရွာဖြစ်ချင် | ၁ | ကွန်ကရစ် တံတား/လမ်း ဖြစ်ချင် |
| ၂ | ပညာတတ်ပေါများသောရွာ ဖြစ်ချင် | ၂ | ဆေးပေးခန်း ရှိချင် |
| ၃ | ကျန်းမာရေးစောင့်ရှောက်မှုပြည့်ဝသောရွာ | ၃ | လျှပ်စစ်မီးရှိချင် |
| ၄ | ၂၄ နာရီမီးလင်းသောရွာ ဖြစ်ချင် | ၄ | သန့်ရှင်းသောက်ရေရချင် |
| ၅ | ကြိုတင်ဘေးကာကွယ်မှုကောင်းသောရွာ ဖြစ်ချင် | ၅ | ကျောင်းလုံခြုံစွာပညာသင်ကြားချင် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း (wheel Tractor) သွားနိုင်ရေး | အမျိုးသား + အမျိုးသမီး | ၁၃,၅၀၀,၀၀၀ | ၄၂၇ |
| ၂ | တံတား | 〃 〃 | | |
| ၃ | မိုးသောက်ရေကန် (စက်+ပိုက်) | 〃 〃 | | |
| ၄ | သန့်ရှင်းသောက်ရေရရှိရေး | 〃 〃 | | |
| ၅ | ကျောင်းခြံစည်းရိုး | 〃 〃 | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အိမ်သာ | အမျိုးသမီး | ကျန်းမာရေး မိလ္လာရေး |
| ၂ | ရိုက်ချိုးရေ နည်းပညာ | အမျိုးသား/အမျိုးသမီး | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးမျိုးအောင် လက်မှတ် [signature] နေ့စွဲ ၃၀.၁၂.၂၀၁၆

[illegible] [signature]

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၀[illegible].၂၀၁၆

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| *လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ပန်ထမ်းအမည် - ဦး[illegible] | | |
| နေ့စွဲ - ၄.၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - [illegible] | မြို့နယ် - [illegible] | ကျေးရွာအုပ်စု - [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | [illegible] | [illegible] | □ ကျား □ မ ☑ ကျား+ မ | ၁၆၀၀၀၀၀၀ | | | | ၁၆၀၀၀၀၀၀ |
| [illegible] | [illegible] Wheel Track [illegible] | ၁၈၀၀' x ၃' x ၀-၆" | ၄၂၇ | □ ကျား □ မ ☑ ကျား+ မ | [illegible] | | | | [illegible] |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ ၄.၁.၂၀၁၇

[illegible]

ဦး[illegible] [signature]

## ၁၂။ အစည်းအဝေးမှတ်တမ်းများ

**လူထုဗဟိုပြုစီမံကိန်း ( National Community Driven Development Project )**

**မြောင်မြို့နယ်**

**ပထမအကြိမ် အစည်းအဝေးမှတ်တမ်း**

**အုပ်စု ៖** မယ်မသော် **ကျေးရွာ ៖** စဥ့်

**နေရာ ៖** ဇေယျမင်္ဂလာ ဘုန်းကြီးကျောင်း **ရက်စွဲ ៖** ၂၉. ၁၂. ၂၀၁၆

**အချိန် ៖** ၁၂ ៖ ၀၀ မှ ၄ ៖ ၃၀ ထိ **တက်ရောက်သူ ៖ ကျား ၊** ၃၉ **/ မ ၊** ၄၀

တာဝန်ကျဝန်ထမ်းမှ အစည်းအဝေးစတင်ရန်နှင့် ဝန်ထမ်းများမှ တစ်ဦးချင်း မိတ်ဆက်ခဲ့ပါသည်။ တာဝန်ကျဝန်ထမ်းမှ အစည်းအဝေးရည်ရွယ်ချက်အား ရှင်းပြဆွေးနွေးခဲ့ပြီး စီမံကိန်းမိတ်ဆက် ၁၅ ချက်အား ကျေးရွာလူထုအား ပိုမိုနားလည်အောင် ရှင်းပြဆွေးနွေးခဲ့ပါသည်။

စီမံကိန်းစက်ဝန်းကိုလည်း ကျေးရွာလူထုပိုမို နားလည်အောင် ရှင်းပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်းနှင့် သက်ဆိုင်သူများ၏ တာဝန်ဝတ္တရား၊ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းပြပြီး စေတနာ့ဝန်ထမ်း ရွေးချယ်ခဲ့ပါသည်။ ပထမနစ်စေတနာ့ဝန်ထမ်းများမှ ဆက်လက်ထမ်းဆောင်ပြီး ကျေးရွာလူထုမှ သဘောတူသဖြင့် အဆင်ပြေခဲ့ပါသည်။ ထို့နောက် လူထုဆန်းစစ်မှုများပြုလုပ်ရန် လူထုစည်းရုံးရေးမှူးမှ ရှင်းပြပြီး အမျိုးသား၊ အမျိုးသမီး နှစ်ဖွဲ့ခွဲကာ ပြုလုပ်ခဲ့ကြပါသည်။ ရရှိလာသော ဆန်းစစ်မှုများအား ဒုတိယအကြိမ်အစည်းအဝေး ပြုလုပ်ရာတွင် ပြန်လည်ချိတ်ဆက် အသုံးပြုနိုင်ကြောင်း အကြံပြုခဲ့ပါသည်။

လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးပြီးဆုံးကြောင်း တက်ရောက်လာသော ရွာလူထုအား ကျေးဇူးတင်ကြောင်းပြောကြားပြီး ဒုတိယအကြိမ်အစည်းအဝေးကို နေ့လည် ၁၂ နာရီတွင် ပြုလုပ်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

**မှတ်တမ်းပြုစုသူ** **အတည်ပြုသူ**

**ဦးဇော်မျိုးနိုင်** **ဦးမျိုးအောင်**

**စေတနာ့ဝန်ထမ်း** **စီထောက်ဥက္ကဌ**

## လူထုဗဟိုပြုစီမံကိန်း ( National Community Driven Development Project )

## မြောင်မြို့နယ်

## ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း

**အုပ်စု း** မယ်မသော် **ကျေးရွာ း** စဥ့်

**နေရာ း** ဇေယျမင်္ဂလာ ဘုန်းကြီးကျောင်း **ရက်စွဲ း** ၃၀. ၁၂. ၂၀၁၆

**အချိန် း** ၁၂ း ၀၀ မှ ၄ း ၃၀ ထိ **တက်ရောက်သူ း ကျား ၊** ၂၉ / **မ ၊** ၃၁

လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးရည်ရွယ်ချက်များ ရှင်းပြဆွေးနွေးခဲ့ပြီး ပထမအကြိမ်အစည်းအဝေးတွင် ပြုလုပ်ခဲ့သော လူမှုဆန်း စစ်မှုများမှ အခက်အခဲများအား ရှာဖွေဖော်ထုတ်ကာ ဒုတိယနစ်စက်ဝန်းအတွက် လုပ်ငန်းခွဲများရွေးချယ်ပေးရန် နှင့် ထိုလုပ်ငန်းများအား ဦးဆောင်အကောင်အထည်ဖော်မည့် ကော်မတီဝင်များ ရွေးချယ်ပေးကြရန် ရှင်းပြခဲ့ပါသည်။ ပထမအကြိမ်အစည်းအဝေးမှ ထွက်ပေါ်လာသော အခက်အခဲများအား အမျိုးသား၊ အမျိုးသမီး ခွဲကာ အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြပါသည်။ လူထုပူးပေါင်းဆန်းစစ်မှုမှ ထွက်ပေါ်လာသော ပြဿနာအတားအဆီးများ၊ မျှော်မှန်းချက်များ၊ လိုအပ်လျက်ရှိသော လုပ်ငန်းခွဲများ ရွေးချယ်ဖော်ထုတ်ခဲ့ကြပါသည်။ ထို့နောက်လုပ်ငန်းခွဲများအား အကျုံးဝင်မှုနှင့် အကျုံးမဝင်မှုများအား ရှင်းပြကာ ထွက်ပေါ်လာသော လုပ်ငန်းခွဲများအား မဲဆန္ဒပေးကာ ရွေးချယ်ခဲ့ကြပါသည်။ ကော်မတီဝင်များရွေးချယ်ရာတွင် ဝယ်ယူရေးကော်မတီဝင်ဦးချစ်သက်မှာ ကျေးရွာရွာခွဲခေါင်းဆောင်အဖြစ် တာဝန်ယူရသဖြင့် ဦးအောင်ဆန်းမင်းအား ကျေးရွာလူထုမှ သဘောတူခန့်အပ်ခဲ့ကြပါသည်။

ထို့နောက် ဆုံးဖြတ်ချက်အနေဖြင့် မဲအများဆုံး ကျေးရွာတွင်းလမ်းအား အခက်အခဲများ ရှိနိုင်သဖြင့် ဒုတိယမဲအများဆုံး တံတားအား ပထမဦးစားပေးအဖြစ် မြို့နယ်သို့တင်ပြရန် ကျေးရွာလူထုမှ ရွေးချယ်နိုင်ခဲ့ကြပါသည်။

**မှတ်တမ်းပြုစုသူ** **အတည်ပြုသူ**

**ဦးလှတင် ( စီထောက် )** **ဦးမျိုးအောင် (စီထောက်ဥက္ကဌ)**

## လူထုဗဟိုပြုစီမံကိန်း ( National Community Driven Development Project )

## မြောင်မြို့နယ်

## တတိယအကြိမ် အစည်းအဝေးမှတ်တမ်း

**အုပ်စု း** မယ်မသော် **ကျေးရွာ း** စဥ့်

**နေရာ း** ဇေယျမင်္ဂလာ ဘုန်းကြီးကျောင်း **ရက်စွဲ း** ၃၁. ၁. ၂၀၁၇

**အချိန် း** ၁ း ၀၀ မှ ၂ း ၃၀ ထိ **တက်ရောက်သူ း ကျား ၊** ၃၄ / **မ ၊** ၄၂

လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးရည်ရွယ်ချက်အား ရှင်းပြပြီး မြို့နယ်စီခန့်မှ အတည်ပြုလိုက်သော Wheel track လမ်းအား ဒုတိယနှစ်စီမံကိန်းလုပ်ငန်းတွင် လုပ်ဆောင်ရန် ဆန္ဒရှိမရှိ မေးမြန်းဆွေးနွေးခဲ့ပါသည်။

လက်ထောက်နည်းပညာမှူးမှ လုပ်ဆောင်မည်ဆိုပါက လူထုလုပ်အား (သို့) ကန်ထရိုက် မည်ကဲ့သို့ လုပ်ဆောင်မည်နည်းဟု ဆွေးနွေးမေးမြန်းခဲ့ပါသည်။

လူထုစည်းရုံးရေးမှူးမှ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် နွမ်းပါးအိမ်ထောင်စုများကို ဦးစားပေးရန် ဆွေးနွေးခဲ့ပါသည်။ အမျိုးသား၊ အမျိုးသမီး တန်းတူလုပ်ဆောင်ရန်လည်း အကြံပြုခဲ့ပါသည်။ လက်ထောက်နည်းပညာမှူးမှ wheel track လုပ်ဆောင်မည်ဆိုပါက လမ်းပေအကျယ် ၁၈ ပေ ရှိရန် ဆွေးနွေးမေးမြန်းခဲ့ပြီး ကျေးရွာလူထုမှ တာဝန်ရှိသူများနှင့် တိုင်ပင်ဆွေးနွေးရန် အကြံပြုဆွေးနွေးခဲ့ပါသည်။ ရွာတွင်းလမ်းရွေးချယ်ရာတွင် ကျေးရွာလူထု အစည်းအဝေးပြန်လည်လုပ်ပြီး တိုင်ပင်ဆွေးနွေးရန် အကြံပြုခဲ့ပါသည်။

မြို့နယ်စီခန့်မှ အတည်ပြုလိုက်သော လုက်ငန်းအား ကျေးရွာလူထုမှ လုပ်ဆောင်ရန် သဘော တူညီခဲ့ပါသည်။

လူထုလုပ်အားဖြင့် လုပ်ဆောင်ရန်လည်း သဘောတူခဲ့ပါသည်။

၁၈ ပေ ပြည့်ရန် ကျေးရွာလူထုမှ ကူညီရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

**မှတ်တမ်းပြုစုသူ** **အတည်ပြုသူ**

**ဒေါ်စိုးသန္တာဦး ( စာရင်းကိုင် )** **ဦးမျိုးအောင် (စီထောက်ဥက္ကဌ)**

## လူထုဗဟိုပြုစီမံကိန်း ( National Community Driven Development Project )

## မြောင်မြို့နယ်

## စတုတ္ထအကြိမ် ( နည်းပညာ ) အစည်းအဝေးမှတ်တမ်း

**အုပ်စု း** မယ်မသော် **ကျေးရွာ း** စဥ့်

**နေရာ း** ဇေယျမင်္ဂလာ ဘုန်းကြီးကျောင်း **ရက်စွဲ း** ၁၈. ၂. ၂၀၁၇

**အချိန် း** ၁၂ း ၀၀ မှ ၃ း ၃၀ ထိ **တက်ရောက်သူ း ကျား ၊** ၄၁ / **မ ၊** ၄၉

လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးရည်ရွယ်ချက်အား ရှင်းပြဆွေးနွေးပြီး အစည်းအဝေးလုပ်ငန်း စဉ် ( ပထမ၊ ဒုတိယ၊ တတိယ ) အကြိမ် အစည်းအဝေးများ လုပ်ဆောင်ပုံအဆင့်ဆင့်အား ကျေးရွာလူထု နှင့် ပြန်လည်တင်ပြဆွေးနွေးခဲ့ပါသည်။

နည်းပညာအစည်းအဝေးတွင် လက်ထောက်နည်းပညာမှူးမှ ကျေးရွာတွင်းလမ်း အတွက်ဝယ်ယူမည့် ပစ္စည်းစာရင်း၊ ငှားရမ်းမည့် ပစ္စည်း လုပ်အားတန်ဘိုးစာရင်းများကို အစည်းအဝေး တက်ရောက်သူများအား ရှင်းပြဆွေးနွေးခဲ့ပါသည်။

နည်းပညာ အစည်းအဝေးပြီးနောက် ဝယ်ယူမည့် ပုံစံများ အခွန်ကိစ္စများ ဆွေးနွေး၊ လုပ်အားခသတ်မှတ်ရန်၊ လမ်းပြင်ဆင်ထိန်းသိမ်းရန် ဆွေးနွေးခဲ့ပါသည်။

**ဆုံးဖြတ်ချက်**

ဈေးပြိုင်၊ လူထုလုပ်အား သဘောတူ

**မှတ်တမ်းပြုစုသူ** **အတည်ပြုသူ**

**ဦးလှတင် ( စီထောက် )** **ဦးမျိုးအောင် (စီထောက်ဥက္ကဌ)**

**ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ**

**ကျေးရွာ/ကျေးရွာအုပ်စုအမည် - စဉ့်ကျေးရွာ၊ မယ်မသော်ကျေးရွာအုပ်စု**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁။ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာအခြေခံ သဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂။ | စီမံကိန်းပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လို အပ်ချက်(၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃။ | အစည်းအဝေးခေါ်ယူရာတွင် အမျိုးသား/သမီးများ အချိုးညီစွာ တက်ရောက်နိုင်ရေး အတွက်အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၄။ | အမျိုးသမီးများ၏ စကားသံများ၊ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ် လာအောင်ဖန်တီးပေးခဲ့ ပါသလား။ | √ | | |
| ၅။ | ဆပ်ကော်မတီဖွဲ့များ ဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့် ပါဝင်ဖွဲ့ စည်းရေး၊ ပူးပေါင်းပါဝင်ရေး ဦးဆောင်နိုင်ရေးအတွက် တွန်းအား ပေးကူညီဆောက်ရွက်ခဲ့ပါသလား။ | √ | | |
| ၆။ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူ ပါဝင်တက် ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ ထည့်သွင်းစဉ်းစားဆောက်ရွက်ခြင်းများတို့ကို လုပ် ဆောင်ခဲ့ပါသလား | √ | | |
| ၇။ | လူနည်းစု၊ဆင်း၊နွမ်းပါး၊ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များ ကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသ လား။ | √ | | |
| ၈။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဂးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/အမျိုးသမီးများနှင့် ကြုံတွေ့နေရ သောအခက်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀။ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ကြိုတင်စီစဉ်ဆောင်ရွက်မှု မျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁။ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများသီးခြားဆွေးနွေး ဖော် ထုတ်ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂။ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀:၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃။ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄။ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးသည့် လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅။ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆။ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/ နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီ ဝင်များကို ကျား၊မရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များ အားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။<br>မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |

## ၁၃။ ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

## စဥ့်ကျေးရွာ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာတွင်း(ဂျင်း)လမ်းခင်းခြင်း | ကျားမ | ၂၀၁၆ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ရွာတွင်း(wheel track)လမ်းခင်းခြင်း | ကျားမ | ၂၀၁၇ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ကွန်ကရစ် တံတား | ကျားမ | - | - | - |
| | ၄ | လျှပ်စစ်မီး | ကျားမ | - | - | EPC |
| အသက်မွေးဝမ်းကျောင်း စီးပွားရေး | ၁ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ကျားမ | - | - | မြို့နယ်စိုက်ပျိုး ရေးဌာန |
| | ၂ | | | | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | ကျန်းမာရေးဆရာမ | ကျားမ | - | | - |
| | ၂ | ကျန်းမာရေး အိမ်သာ | ကျားမ | - | - | - |
| | ၃ | အိမ်တိုင်ယာရောက် ရေရရှိရေး | ကျားမ | - | -- | - |
| | ၄ | ကျန်းမာရေးဆေးခန်း | ကျားမ | - | | - |
| ပညာရေး | ၁ | ကျောင်းခြံစည်းရိုး | ကျားမ | - | -- | မြို့နယ်ပညာ ပညာရေးဌာန |
| | ၂ | ကျောင်းဆရာ/ဆရာမ | ကျားမ | - | - | မြို့နယ်ပညာ ပညာရေးဌာန |
| | ၃ | | ကျားမ | - | - | - |
| အခြား | ၁ | အသေးစားငွေချေးလုပ်ငန်း | ကျားမ | - | - | မမြမေအဖွဲ့ |
| | ၂ | | ကျားမ | - | - | - |
| | ၃ | | ကျားမ | | - | - |

**၁၄။ VDP အရည်အသွေးထိန်းချုပ်မှု**

ထိန်းချုပ်သူ- ရက်စွဲ--- ကျေးရွာ--- VDP ရက်စွဲ----

မြို့နယ်--- ကျေးရွာအုပ်စု-----

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။(OM အရ )

- မျက်နာဖုံး(အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များ သဘောတူထားသည့်နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း(အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ပညာရေး၊လူမှုထိန်းသိမ်းမှု...) နောက်ဆက်တွဲများ
- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ်(ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊Venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာအချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သော ဦးရေ (အမျိုးသား/အမျိုးသမီး)-
- လူမှုရေးအကဲဖြတ်အရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းအသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း(အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်းသားအနည်းစုနှင့်ထိခိုက်လွယ်အဖွဲ့များ)
- အလွန်ကောင်း
- ကောင်း
- ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားထားသလား။
- ရှိ
- မရှိ
- စီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-
- PRA နှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)--